FPB
First Private Bank
ပထမ ပုဂ္ဂလိကဘဏ် လီမိတက်
NO. 619-621, MERCHANT STREET, (Corner of Merchant Street & Bo Soon Pat Street)
PABEDAN TOWNSHIP, YANGON, UNION OF MYANMAR.
TELEPHONE: 095-1-376 451 ~ 452 / 378 267 ~ 269. 095-1-251 748 ~ 749 / 246 786
FAX: 095-1-242 320/ 250 148
Website: www.firstprivatebank.com.mm
e-mail: hofirst.office@fpb.com.mm admindept.ho@fpb.com.mm

# အစုရှယ်ယာရှင်များသို့အသိပေးအကြောင်းကြားခြင်း

**၁။ လေးစားအပ်ပါသောအစုရှယ်ယာရှင်များခင်ဗျား**

ပထမပုဂ္ဂလိကဘဏ်လီမိတက်၏ ၂၀၂၁-၂၀၂၂ ဘဏ္ဍာရေးနှစ်အတွက် (၁၁)ကြိမ်မြောက်အထူးအစည်းအဝေးနှင့် (၃၁)ကြိမ်မြောက်နှစ်ပတ်လည် အထွေထွေအစည်းအဝေးကြီးကို ၂၀၂၂ခုနှစ် ဒီဇင်ဘာလ(၁၈)ရက်(တနင်္ဂနွေနေ့)တွင် ကျင်းပမည်ဖြစ်ပါသည်။

အဆိုပါအစည်းအဝေးတွင် ဘဏ်၏ သင်းဖွဲ့စည်းမျဉ်းအပိုဒ်(၈၅)**အရ ဒါရိုက်တာ(၃)ဦးအလှည့်ကျနုတ်ထွက်မည်ဖြစ်ပြီး လစ်လပ်သွားမည့်ဒါရိုက်တာ(၃)ဦး၏ နေရာတွင် အစားထိုး** ပြန်လည်ရွေးချယ်တင်မြှောက်မည်ဖြစ်ပါသည်။

**၂။ ဒါရိုက်တာအဖြစ်အရွေးခံရန် စိတ်ဝင်စားသူရှယ်ယာရှင်များထံမှ လျှောက်လွှာခေါ်ယူခြင်း**

ပထမပုဂ္ဂလိကဘဏ်၏ဒါရိုက်တာအဖြစ် ဝင်ရောက်အရွေးခံရန်စိတ်ဝင်စားသူများသည် အောက်ဖော်ပြပါ အရည်အချင်းနှင့် ပြည့်မီသူများဖြစ်ရမည်။

(၁)ပထမပုဂ္ဂလိကဘဏ်လီမိတက်၏ လက်ရှိ သင်းဖွဲ့စည်းမျဉ်းအပိုဒ်(၉၁)အရ (၂၆-၁၀-၂၀၂၂)နေ့တွင် အနည်းဆုံး အစုရှယ်ယာ(၁၀၀)စု လက်ဝယ်ရှိပြီးသူများသည် လျှောက်ထားနိုင်ပါသည်။

(၂)(၃၀.၇.၂၀၂၂)ရက်နေ့တွင် ကျင်းပသော (၇/၂၀၂၂)အကြိမ်မြောက် ဒါရိုက်တာအဖွဲ့အစည်းအဝေးဆုံးဖြတ်ချက်အရ ဒါရိုက်တာအဖြစ်ရွေးချယ်ခံရပြီးပါက ဘဏ်၏အစုရှယ်ယာ ကနဦးသတ်မှတ်တန်ဘိုး(သို့)အမည်ခံတန်ဘိုး Par Value (or) Nominal value အနည်းဆုံး ကျပ်-၅၀,၀၀၀,၀၀၀/-(ကျပ်သိန်း၅၀၀)နှင့်ညီမျှသော အစုရှယ်ယာအရေအတွက်ကို (၂လအတွင်း) ပိုင်ဆိုင်ရမည်ဖြစ်ပါသည်။

(၃) ငွေရေးကြေးရေး အဖွဲ့အစည်းများဥပဒေအခန်း(၁၀) ပုဒ်မ(၇၆) ပုဒ်မခွဲ(ခ) အပိုဒ်(၁)မှ အပိုဒ်(၈) အထိဖော်ပြထားသော အရည်အချင်းများနှင့်ကိုက်ညီသူဖြစ်ရပါမည်။

(၄) မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ (၂၅-၃-၂၀၁၉)ရက်နေ့တွင် ထုတ်ပြန်သည့် ညွှန်ကြားချက်အမှတ်(၉/၂၀၁၉)နှင့်အညီ သင့်လျော်မှန်ကန်ခြင်းဆိုင်ရာစံသတ်မှတ်ချက်နှင့်အညီ ကိုယ်ရေးဆိုင်ရာထုတ်ဖော်ကြေငြာချက်ပုံစံများအား ပြည့်စုံစွာ ဖြည့်စွက်လျှောက်ထားရပါမည်။

အထက်ဖော်ပြပါ အရည်အချင်းများလိုက်နာနိုင်သော ဒါရိုက်တာအဖြစ်ဝင်ရောက်အရွေးချယ်ခံရမည့်သူများသည် အောက်ပါအတိုင်း လျှောက်လွှာတင်သွင်းနိုင်ပါသည်။

(က) ရန်ကုန်မြို့တွင်နေထိုင်သူများသည် ပထမပုဂ္ဂလိကဘဏ်ရုံးချုပ်အမှတ်၆၁၉/၆၂၁ ကုန်သည်လမ်းနှင့် ဗိုလ်ဆွန်ပက်လမ်းဒေါင့်ပန်းဘဲတန်းမြို့နယ်ရှိပထမပုဂ္ဂလိကဘဏ်ရုံးချုပ်ရှယ်ယာဌာနတွင် ဒါရိုက်တာလျှောက်လွှာများကို နိုင်ငံသားစီစစ်ရေးကဒ်ပြားနှင့် အစုရှင်ဖြစ်ကြောင်းရှယ်ယာလက်မှတ်(သို့မဟုတ်) Security Account Holder ဖြစ်လျှင် ID နံပါတ်တို့ကိုပြသ၍ ဒါရိုက်တာလျှောက်လွှာများထုတ်ယူနိုင်ပါသည်။

(ခ) နယ်မြို့များတွင်နေထိုင်သူ အစုရှယ်ယာရှင်များသည် မိမိတို့နှင့်အနီးဆုံး ပထမပုဂ္ဂလိကဘဏ်၏ ဘဏ်ခွဲများရှိ ရှယ်ယာဌာန(သို့မဟုတ်) ဘဏ်ခွဲတာဝန်ခံထံတွင် မိမိ၏နိုင်ငံသားစီစစ်ရေးကဒ်ပြားနှင့်အစုရှင်ဖြစ်ကြောင်း ရှယ်ယာလက်မှတ် (သို့မဟုတ်) Security Account Holder ဖြစ်လျှင် ID နံပါတ်တို့ကိုပြသ၍ ဒါရိုက်တာလျှောက်လွှာများ ထုတ်ယူနိုင်ပါသည်။

(ဂ) ရန်ကုန်ဘဏ်ရုံးချုပ်၊ သို့မဟုတ် နယ်ဘဏ်ခွဲများသို့သွားရောက်၍ လျှောက်လွှာထုတ်ရန်အဆင်မပြေသူများ အနေဖြင့်ဒါရိုက်တာအရွေးခံရန်လျှောက်လွှာနှင့်ဗဟိုဘဏ်၏ကိုယ်ရေးဆိုင်ရာထုတ်ဖော်ကြေညာချက်လျှောက်လွှာပုံစံများ ရယူရန် download linkကို ပထမပုဂ္ဂလိကဘဏ်၏ website https://www.firstprivatebank.com.mm/wp-content/uploads/2022/11/FPB_Directive_Application_Form_2022-2.pdf တွင်ဝင်ရောက်ပြီး လျှောက်လွှာနှင့်ဗဟို ဘဏ်၏ ကိုယ်ရေးဆိုင်ရာထုတ်ဖော်ကြေညာချက်ပုံစံများကို ရယူနိုင်ပါသည်။

(ဃ) ဒါရိုက်တာအရွေးခံမည့်လျှောက်လွှာများကို ရန်ကုန်ဘဏ်ရုံးချုပ်နှင့်နယ်ဘဏ်ခွဲများတွင် (၂-၁၁-၂၀၂၂)နေ့မှ စတင်ထုတ်ယူနိုင်ပြီး (၁၁-၁၁-၂၀၂၂)ရက်နေ့ ညနေ ၃ နာရီနောက်ဆုံးထားပြီး လျှောက်လွှာများနှင့်လိုအပ်သောပုံစံများနှင့် အထောက်အထားစာရွက်စာတမ်းအပြည့်အစုံကို မိမိလျှောက်လွှာထုတ်ယူခဲ့သည့်ဘဏ်တွင် ပြန်လည်ပေးပို့ လျှောက်ထားနိုင်ပါသည်။ လျှောက်လွှာများကို email address hofirst.office@fpb.com.mm သို့ softcopy ဖြင့်လည်း ပေးပို့လျှောက်ထားနိုင်ပါသည်။ မပြည့်စုံသောလျှောက်လွှာများနှင့် (၁၁-၁၁-၂၀၂၂)နေ့ ညနေ ၃နာရီထက်နောက်ကျ၍ လျှောက်ထားသောလျှောက်လွှာများအား လက်ခံမည်မဟုတ်ကြောင်း အသိပေးအပ်ပါသည်။

(၁၁)ကြိမ်မြောက်အထူးအစည်းအဝေးနှင့်(၃၁)ကြိမ်မြောက်နှစ်ပတ်လည်အထွေထွေအစည်းအဝေး ကျင်းပမည့် နေရာ၊ အချိန်နှင့်အစီအစဉ်များကို ထပ်မံကြေညာမည်ဖြစ်ပါသည်။ ထပ်မံသိရှိလိုသည့်အချက်များရှိပါက ဖုန်းနံပါတ် ၀၁-၃၇၆၄၅၁ နှင့် ၀၁-၃၇၆၄၅၂ တို့သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။ **(ဤကြေညာစာနှင့်အတူ ငွေရေးကြေးရေးအဖွဲ့အစည်းများဥပဒေအခန်း (၁၀)ပုဒ်မ (၇၆) ပုဒ်မခွဲ (ခ) အပိုဒ် (၁) မှ အပိုဒ်(၈) ကိုလေ့လာသိရှိနိုင်ရန် နှင့် ဒါရိုက်တာများ၏ ကိုယ်ရေးဆိုင်ရာ ထုတ်ဖော်ကြေညာချက်ပုံစံများကိုလည်း ပူးတွဲတင်ပြထားပါသည်။)**

**ငွေရေးကြေးရေးအဖွဲ့အစည်းများဥပဒေ**

**ပုဒ်မ ၇၆။ (ခ) ဤဥပဒေအရရာထူးတာဝန်နှင့် သင့်မြတ်လျော်ကန်သူဟုတ်မဟုတ်ဆုံးဖြတ်ရာတွင် ဗဟိုဘဏ်က သတ်မှတ် နိုင်သည့်အခြားကိစ္စရပ်များအပြင် အောက်ပါအချက်များကိုထည့်သွင်းစဉ်းစားရမည်။**

**(၁) ငွေကြေးနှင့်ဘဏ်လုပ်ငန်း၊ စီမံခန့်ခွဲမှု၊ စီးပွားရေးလုပ်ငန်း သို့မဟုတ် သက်ဆိုင်ရာကဏ္ဍတစ်ခုခုတွင် ပညာအရည်အချင်း သို့မဟုတ် အသက်မွေးဝမ်းကျောင်းနှင့်ဆိုင်သောအရည်အချင်းများ သို့မဟုတ် ထိရောက်သည့်အတွေ့အကြုံများ၊**

**(၂) အဆိုပါပုဂ္ဂိုလ်သည်လိမ်လည်လှည့်ဖြားမှု၊ မရိုးမဖြောင့်မှုသို့မဟုတ်အခြားမလျော်မကန်မှုပြုမူကြောင်း ကြပ်မတ် ကွပ်ကဲသည့်အဖွဲ့အစည်းကဖြစ်စေ၊ ပြည်တွင်းပြည်ပတွင်ဖွဲ့စည်းထားသည့်အခြားအဖွဲ့အစည်းတစ်ခုခုကဖြစ်စေ စုံစမ်းမေးမြန်းခြင်းသို့မဟုတ် စုံစမ်းစစ်ဆေးခံရခြင်း၊**

**(၃) အဆိုပါပုဂ္ဂိုလ်သည် ငွေရေးကြေးရေးစီမံခန့်ခွဲမှုနှင့်စပ်လျဉ်း၍ ပြည်တွင်းပြည်ပရှိတရားရုံးတစ်ခုခုက ပြစ်ဒဏ် ချမှတ်ခြင်းခံရခြင်းရှိ/မရှိ ၊**

**(၄) အဆိုပါပုဂ္ဂိုလ်သည်ပြည်တွင်းတွင်ဖြစ်စေ၊ ပြည်ပတွင်ဖြစ်စေလူမွဲစာရင်းခံယူသူအဖြစ်ကြေညာခံရခြင်းရှိ/မရှိ**

**(၅) အဆိုပါပုဂ္ဂိုလ်သည်ကြွေးမြီပြန်လည်ပေးဆပ်မှုအပါအဝင်ပြည်တွင်းတွင်ဖြစ်စေ၊ ပြည်ပတွင်ဖြစ်စေ တရားရုံး တစ်ခုခု၏ဆုံးဖြတ်ချက်သို့မဟုတ်အမိန့်တစ်ခုခုကိုလိုက်နာဆောင်ရွက်ရန်ပျက်ကွက်သူဟုတ်/မဟုတ် ၊**

**(၆) အဆိုပါပုဂ္ဂိုလ်သည်ပြည်တွင်းတွင်ဖြစ်စေ၊ ပြည်ပတွင်ဖြစ်စေတရားရုံးတစ်ခုခုကသော်လည်းကောင်း၊နိုင်ငံတော်တွင် အစိုးရဆေးဘုတ်အဖွဲ့ကသော်လည်းကောင်း၊ စိတ်မနှံ့သူဖြစ်သည်ဟုကြေညာထားခြင်းခံရသူဟုတ်/ မဟုတ် ၊**

**(၇) အဆိုပါပုဂ္ဂိုလ်သည်ပြည်တွင်းတွင်ဖြစ်စေ၊ ပြည်ပတွင်ဖြစ်စေကြပ်မတ်ကွပ်ကဲခြင်းစည်းမျဉ်းအရ အရေးယူခြင်း ကြောင့်သော်လည်းကောင်း၊ ဗဟိုဘဏ်ကသော်လည်းကောင်း၊ ငွေရေးကြေးရေးအဖွဲ့အစည်းသို့မဟုတ် ဥပဒေအရ ဖွဲ့စည်းသည့်အဖွဲ့အစည်းတစ်ခုခုတွင် ဒါရိုက်တာသို့မဟုတ် အရာရှိအဖြစ်ထမ်းဆောင်ခြင်းမှ ထုတ်ပယ်ခြင်း သို့မဟုတ်ရာထူးရပ်ဆိုင်းခြင်းခံရသူဟုတ်/မဟုတ် ၊**

**(၈) အဆိုပါပုဂ္ဂိုလ်သည်နိုင်ငံတော်တွင်ဖြစ်စေ၊ အရပ်ဒေသတစ်ခုခုတွင်ဖြစ်စေ၊ လိုင်စင်အားခေတ္တရပ်စဲခြင်း သို့မဟုတ် ရပ်စဲခြင်းခံထားရသည့်ငွေရေးကြေးရေးအဖွဲ့အစည်းတစ်ခုခု၏ အမိကအစုရှယ်ယာရှင်၊ ဒါရိုက်တာ၊ အမှုဆောင်အရာရှိချုပ်တစ်ဦးဟုတ်/မဟုတ် ၊**

အတွင်းရေးမှူး
ဒါရိုက်တာအဖွဲ့